ကြွေပယောင်း

# ဆို ... ကွယ်



## (အပိုင်း ၁)

"ကဲ ... ကဲ... သားနဲ့ သမီးလည်း ကန်တော့ပြီးပြီ ဆိုတော့ ကိုယ့်အိမ် ကိုယ် ပြန်နားကြတော့။ တစ်နေကုန်လည်း ပင်ပန်းနေရောပေါ့"

နှစ်ဖက်မိဘတို့ က သွားခွင့်ပြုလိုက်လျှင် အချုပ်အနှောင်မှ လွတ်သွားသည့် ငှက်ကလေး တစ်ကောင်နှယ် ရာပိုင်ထူး ခံစားလိုက်ရ၏။ ခြေလှမ်းကို အကျဲဆုံးလှမ်းကာ ထွက်ခဲ့သည် ။ ကားတံခါး ဖွင့်ပြီး မောင်းသူနေရာမှာ အသင့်နေရာ ယူထားလေသည် ။ တေးမှာ ရာပိုင်ထူး ရဲ့ အပြုအမူတို့ ကို ေးကြည့်ရင်း မိဘတွေကို နှုတ်ဆက်စကား ပြော နေခဲ့ရသည် ။ မျက်လွှာလေး အောက်ချ နှစ်ဖက်မိဘ စကားတို့ ကို ဟုတ်ကဲ့မှ လွဲ၍ ဘာတစ်ခွန်းမျှ ပြောသည် မရှိခဲ့ပေ။ ယခု သွားခါနီး အချိန်မှာ သာ....

"အမေတို့ အဖေတို့ လေးလေးနဲ့ အန်တီလေးတို့ တေး သွားပြီနော်... "

သွားပြီနော် ဟု ပြောပြီး ထွက်သွားသည့် တေးလေးကို ကြည့်ကာ မိဘတွေနဲ့ ဆွေမျိုးသားချင်း တွေမှာ အပြုံးဟာ ဝင်းပနေလေတော့သည် ။

နှစ်ယောက်အတူတူ နေရမည့် အိမ်လေးထဲ ရောက်တော့လည်း တစ်ယောက်နှင့် တစ်ယောက် ဘယ်သူက ဘာစပြောရမှန်းမသိ ဖြစ်နေကြသည် ။ ဧည့်ခန်းထဲရှိ ခုံမှာ တစ်ယောက် တစ်နေရာဆီ ထိုင်လျက် ငြိမ်

သက်နေလေသည် ။ ဤအခြေနေကြောင့် တေးမှာ ရှက်စိတ် အားငယ်စိတ် တို့ ဝင် လာလေသည် ။ အမှန်ဆိုလျှင် အခုလို ဘာမှန်းမသိ ထိုင်နေရမှာ မဟုတ် တေးကို ရာပိုင်ထူးဟာ တရားဝင် ပိုင်ဆိုင်လေပြီ မင်္ဂလာဦးည ဖြတ်သန်းရမည်။ သို့သော် ရာပိုင်ထူးက တုတ်တုတ်မလှုပ်။ သူ့ မျက်နှာမှာ လည်း ရဲချိတ်၍ ရွှေးမပြန်ရုံ တမယ်သာ ရှိသည် ။ တေးမှာ လည်း မိမိ လက်ထပ်ထားသည့် ခင်ပွန်းက ဘာတစ်ခုမှ မဆို၍ ထိုင်နေရင်း ငိုချင်လာသည် ။ မိဘတွေပေးစားလို့ ယူလိုက်ရသည် ထားဦး ဝတ်ကျေတန်းကျေ စကားလောက်တော့ ပြောသင့်၏။ အခုတော့ သူက တုတ်တုတ်မလှုပ်။ ဒီပုံစံနဲ့ မိုးလင်းသည် ထိ ထိုင်မလား မသိ။

မိဘတွေက နေရာ ချထားပေးချင်သည် ဆို၍ ဓာတ်ပုံကလေး ပြတော့ ရုပ်ရည်ကမဆိုး ပညာ အရည်ချင်း ကလည်း ဆရာဝန်။ တေးမှာ လည်း ချစ်သူရည်းစား ဟူ၍ မူးလို့ ရှူစရာပင် မရှိ။ လက်ခံနိုင်လောက်သည့် အနေထားမို့ တေးလက်ခံလိုက်သည် ။

ယခုတော့ တေး ကိုယ့်ကိုယ်ကိုယ် မှားပြီဟု ထင်လာမိသည် ။ ရာပိုင်ထူး မိဘတွေဟာ ရာပိုင်ထူးမှာ ချစ်သူရည်းစား ရှိနေပါရက်နဲ့ မိမိနဲ့ လက်ထပ် ပေးခဲ့သည် လား။ ဒါမှ မဟုတ် တစ်ခုခု ခြိမ်းခြောက်၍ များလား။ တွေးရင်း တေးရင်ထဲ ပူလောင် လာလေသည် ။ ထိုင်နေရတာပင် ပူလောင် အိုက်စပ် လာလေသည် ။ ဇာတ်လမ်းတွေ ဝတ္ထုတွေထဲကလို ချစ်သူနှစ်ဦးကြား ဝင်ရှုပ်မိသည့် သူ့ကို အငြိုးထားပြီး ကလဲ့စားတွေ ဘာတွေ ချေပါက တေးခံနိုင်မည် မဟုတ်။ ဘုရား..ဘုရား။

"ညီမ...."

"ရှင်...."

တေး အတွေးလွန်နေတုန်း ခေါ်လိုက်တာကြောင့် ယောင်ယမ်းပြီး

ထူးလိုက်မိသည် ။ ခေါ်လိုက်သည့် နာမ်စားကို သတိထားလိုက်မိ၏။ ညီမတဲ့ ။

"အစ်ကို ...ညီမကို အမှန်တိုင်း ပြောပါရစေ"

သွားပြီ။ တေးထင်တာတွေ အကုန်မှန်တော့မည်။ ရာပိုင်ထူးမှာ သာချစ်သူရှိနေတာ ဆိုလျှင် တေး ဗီလိန်တော့ အဖြစ်မခံပါ နောက်ဆုတ်ပေးဖို့ အသင့်ပင်။

"ဟုတ်ကဲ့။ ပြောပါ ကိုရာပိုင်ထူး"

"တကယ်တော့ အစ်ကို အိမ်ထောင်ပြုချင်စိတ် မရှိပါဘူး"

"ရှင်..."

တေး မျက်လုံးပြူးကာ အံ့သြသွားပေမဲ့ ရာပိုင်ထူးက အေးဆေးစွာ ဆက်ပြော၏။

"ညီမကို စော်ကား ပုတ်ခတ်တဲ့ သဘောမျိုးနဲ့ ပြောတာ မဟုတ်ပါဘူးကွယ်။ အစ်ကို့ စိတ်ထဲမှာ ဖြစ်နေတာလေးတွေ ညီမကို ဖွင့်ပြောသင့်တယ် ထင်လို့ ပါ"

"ဟုတ်ကဲ့"

"ဒီနေ့မတိုင်ခင် တစ်ပတ်အလိုလောက်က အစ်ကိုဟာ လောကီကို အပြီးစွန့်ဖို့ မော်ဘီ ချမ်းမြေ့ကျောင်းကို သွားခဲ့တယ်။ ဒါပေမဲ့ မိဘတွေနဲ့ ဆွေမျိုးတွေရဲ့ တားမြစ်ချက်ကြောင့် အစ်ကို့ရဲ့ ရည်ရွယ်ချက်တွေ ပျက်ခဲ့ရတယ်။ ပြီးတော့ ဒီက ညီမနဲ့ အခုလို ထိမ်းမြား ပေးခဲ့တာပါပဲ"

"ဒါဆို ကိုရာပိုင်ထူးက ဘုန်းကြီး အပြီးဝတ်ဖို့ ထိ လုပ်ခဲ့တာပေါ့"

"ဟုတ်ပါတယ်။ အစ်ကို ဆေးပညာတွေကို သင်လေ လူတွေနဲ့ ဖြစ်ပျ

က် သဘောကို တဖြည်းဖြည်း သံဝေဂ ရလာတယ်။ ကြာလာတော့ အစ်ကို လူ့လောကကြီးကို စိတ်ကုန်လာတယ်။ အေးချမ်းတဲ့ ဘုရားတရား အရိပ်ကို ထာဝရခိုလှုံဖို့ ကြိုးစားတယ်။ ဒါပေမဲ့ကွယ် အစ်ကိုရွေးတဲ့ လမ်းဟာ မိဘနှစ်ပါးကို စိတ်မချမ်းမြေ့စေတော့ အစ်ကိုငရဲရမယ် ဒီတော့ အစ်ကို ငရဲမလိုချင်ဘူး မိဘတွေ စိတ်ချမ်းသာအောင် ဒီက ညီမနဲ့ ထိမ်းမြားတာကို လက်ခံခဲ့လိုက်တယ်"

"အခုကို ရာပိုင်ထူး ဆိုလိုချင်တာက"

"ညီမကို တောင်းဆိုချင်တာပါ"

"ဘာကိုလဲ"

"အစ်ကို ဘုရားခန်းမှာ ပဲ အိပ်ပါရစေ ညီမ။ ပြီးတော့ ညီမအတွက် အိမ်ထောင်ရေးသုခ မပေးနိုင်တဲ့ အတွက်လည်း အစ်ကို တောင်းပန်ပါတယ်"

"ရှင်...."

တေးရဲ့ မျက်နှာလေး နီရဲသွားကာ ငိုချင်လာသလို မျက်ရည်တို့ ရစ်ဝိုင်းသွားလေသည် ။ အိမ်ထောင်ပြု ပါတယ်ဆို ယောကျ်ားက ဘုရားခန်း ထွက်အိပ်ပါရစေ ဆိုတော့ တေးဘာပြော နိုင်မှာ လဲ။ ကိုယ်က မိန်းမသား ကျွန်မတို့ လက်ထပ်ထားတာ ရှင်ဘုရားခန်းမှာ မအိပ်ရဘူးလို့ ဘယ်ပါးစပ်က ပြောထွက်မလဲ။ ခွင့်ပြုပေးရတာပေ့ါ။

မင်္ဂလာဦးည အတွက် ပြင်ဆင် ပေးထားသည့် အိပ်ရာထက်မှာ တေး တစ်ယောက်တည်း အိပ်စက် လှဲလျောင်း လေတော့သည် ။ မနက်ခင်း တစ်ခုလုံး ဧည့်ခံပွဲမှာ ဧည့်ခံထားရ၍ ပင်ပန်း နေတာကြောင့် မြန်မြန်ဆန်ပင် အိပ်ပျော်သွား၏။

"အားလုံး ...ကြားကြသမျှ ...အမျှ...အမျှ...အမျှ ..."

"ဒူဝေဝေ....ဝေ ... ... ..."

"ဟင် ... ..."

မျက်လုံးတွေပိတ်ကာ အိပ်ပျော်စမှာ ကြေးစည်သံ တဝေဝေကြောင့် တေးမျက်လုံးတွေ ပြန်ပွင့်လာ၏။ နားစွင့်လိုက်တော့ ဘုရားခန်းမှ ရာပိုင်ထူးရဲ့ ဘုရားရှိခိုးသည့် အသံ။ မိမိမှာ မိန်းကလေး ဖြစ်ပြီး ပင်ပန်းတာ အကြောင်းပြု၍ ဘုရားရှိခိုးဖို့ မေ့ကာ အိပ်ပျော်လေသည် ။ အိမ်ဦးနတ် ကိုရာပိုင်ထူးမှာ တော့ သတိမလျော့ ဘုရားရှိခိုး အမျှဝေနေ၏။ အမေတို့ ရေ..တေးကို ယောက်ျား ပေးစားတာလား ဘုန်းကြီးစောင့်ရှောက် ခိုင်းတာလား လို့ ပင် မေးပစ်လိုက်ချင် တော့သည် ။

***

မနက်လေးနာရီမှာ ကြားလိုက်ရသည့် ကြေးစည်သံကြောင့် ရာပိုင်ထူး ဘုရားရှိခိုးပြီ ဆိုတာ အိပ်ထဲမှာ လှဲနေပေမဲ့ တေးသိသည် ။ တေးကလည်း ဘာသာတရား မကိုင်းရှိုင်းတဲ့ သူမှ မဟုတ်တာ ညက အိပ်ပျော်သွားပေမဲ့ မနက်ကိုတော့ ရာပိုင်ထူး ဘုရားရှိခိုးပြီးလျှင် တေး ရှိခိုးသည် ။ ဘုရားဆီမီး အမွှေးတိုင် ကတော့ ရာပိုင်ထူးပဲ ကပ်သွား၏။ နောက်နေ့တော့ တေးကိုယ်တိုင် စောစောထပြီး ဆွမ်းပါ မီအောင် ကပ်ရမည်။

"အော် ...ညီမလည်း ဘုရားရှိခိုး နေတာကိုး"

"ဟုတ်တယ် ကိုရာပိုင်ထူး။ တေးက အိမ်မှာ ဆို မနက်ငါးနာရီမှာ ဆွမ်းကပ်ပေမဲ့ အခု ကိုရာပိုင်ထူးက လေးနာရီမှာ ဘုရား ဝတ်ပြုနေပြီဆိုတော့ ဒီတိုင်းပဲ ရှိခိုးလိုက်တာ။ နောက်ဆို တေး ဆွမ်းမီအောင် ချက်ပါ့မယ်"

"ဒီလိုဆိုတော့လည်း ကောင်းပါတယ်။ အစ်ကို နောက်နေ့ ဘုရားရှိခိုးတော့ စုံစုံလင်လင်နဲ့ ကျက်သရေ မင်္ဂလာ ပိုရှိတာပေ့ါ"

"ဟုတ်ကဲ့"

မနက်ခင်း အာရုံဦးမှာ အဖြူရောင် အင်္ကျီလည်ကတုံးနဲ့ ဦးဂျမ်းပုဆိုး အကွက်ကျဲကို ဝတ်စားထားသည့် သူ့ကို တေးရင်ခုန်ပါသည် ။ ကိုယ့်ခင်ပွန်း ဖြစ်နေပေမဲ့ ကိုယ်မပိုင်သလို ခံစား နေရပေမဲ့လည်း သူလိုတာ ဖြည့်ပေးနေရရုံနဲ့ တေး ကျေနပ်ပါသည် လေ။ မိဘပေးစားပေမဲ့ လူကောင်း သူကောင်းနဲ့ တွေ့ရတာမို့ တေးကံကောင်း ပါသည် ။ မနေ့ညက ထင်သလို ချစ်သူရည်းစားတွေ ရှိမနေတာနဲ့ တင် စိတ်သက်သာရာရ၏။ သူဘုရား ဖြစ်တော့လည်း ကိုယ်က ပါရမီဖြည့်ဘက်ပေ့ါ။ သူလိုတာ ဖြည့်စွမ်းဖို့ က ဇနီးတစ်ယောက် အနေနဲ့ ရော တာဝန်ရှိလေသည် ။

အိမ်ရှေ့ နားရောက်သည် ထိ တေး သူ့ရဲ့ အိတ်ကလေးကို ပိုက်ကာ လိုက်ပို့ပေး၏။ ရာပိုင်ထူး ကားပေါ်ရောက်မှ သာ တေးက အိတ်ကလေး ပေးကာ နှုတ်ဆက်၏။

"ကိုရာပိုင်ထူး.. နောက်ကျမယ် ဆိုလည်း ဖုန်းကြိုဆက်ပါ။ ထမင်းစားဖို့ ပြင်ပြီး စောင့်နေမှာ မို့လို့ "

"ဟုတ်ကဲ့။ အစ်ကို ပြန်လာချိန်နီးရင် ညီမဆီ ဖုန်းဆက်မယ်နော်။ လိုက်ပို့ပေးတာ ကျေးဇူး။ တံခါး သေချာပိတ်ထား။ တစ်ယောက်တည်း နေရတာဆိုတော့ စိတ်တွေ အေးအေးချမ်းချမ်း ဖြစ်အောင် ဘုရားစာလေး ဘာလေးရွတ်နေနော်"

"ဟုတ်ကဲ့"

ကားလေး ထွက်သွားသည် ထိ တေး ရပ်ကြည့်ရင်း ရာပိုင်ထူးရဲ့

အမှာ စကားလေး တွေကို ကြည်နူး မိလေသည် ။ အိတ်ကလေး လိုက်ပို့ပေးတာတောင် ကျေးဇူးတင်သွားသည့် သူ့ကို မြင်ယောင်ကာ ပြုံးလိုက်မိလေသည် ။

***

"ကလင် ...ကလင်....ကလင်..."

တယ်လီဖုန်း မြည်သံလေး ကြားလိုက်သည် နှင့် တေး အပြေးလွှားကိုင်လိုက်၏။ တော်ကြာ ကိုရာပိုင်ထူး ဖြစ်နေမှာ စိုး၍ ပါ။ ဒါပေမဲ့ ရာပိုင်ထူးဆီက ဖုန်းမဟုတ်။ တေးရဲ့ လုပ်ဖော်ကိုင်ဖက်များ ဆီက။

"ဟလို ..."

"ဘယ်လိုလဲ ဒေါ်တေးသံသာ။ မင်္ဂလာဆောင်ရတာ ပျော်ရဲ့ လား...ဟဲ ...ဟဲ"

"အို....မမိုးကလည်း ဘာတွေမေးမှန်း မသိဘူး"

တစ်ဖက်က အမေးကြောင့် တေးမျက်နှာလေး နွေးခနဲ ဖြစ်သွားလေသည် ။ ဒါတောင် အပြင်မှာ တွေ့ပြီး ပြောတာမဟုတ်။

"ဟား...ဟား...ဖုန်းထဲမှာ တောင် ဒီလောက် ရှက်နေရင် အလုပ်ပြန်ဆင်းရင် ပိုပြီးစလို့ ကောင်းပြီဟေ့"

"အို ...မမိုးကလည်း ။ နောက်စရာလည်း မဟုတ်ပဲနဲ့ ။ တေး အလုပ်က ထွက်လိုက်မှာ နော် ... ဟွန့်..."

"အောင်မလေး...အလုပ်တော့ မထွက်လိုက်ပါနဲ့ ကွယ်။ မနောက်ပါဘူးနော်"

"တကယ်နော် ...အလုပ်လာလို့ နောက်ရင် တေးတကယ် ထွက်မှာ "

"မနောက်ပါဘူး ...ဒေါ်တေးသံသာလေးရယ်နော် ...တကတည်း ဒီက သိချင်တာလေး မေးမလို့ ကို..ဟွန့်"

"ဘာမေးမို့လဲ တေးကို ..."

"ဟီး ...ဟီး...ဟို ...မင်္ဂလာဦးည အတွေ့အကြုံလေး..."

"ဟာ...မမိုးနော် ...တေး ငိုလိုက်မှာ နော်။ ဒီက နဂိုကတည်းက ငိုချင်နေတာပါဆို"

"ငိုတော့ ... မငိုလိုက်ပါနဲ့ ကွယ်။ တကယ် မနောက်တော့ဘူး ...ဒါနဲ့ . .တေးက ဘာလို့ ငိုချင်နေတာလဲ ..."

"ဖုန်းနဲ့ ပြောလို့ အဆင်မပြေဘူး မမိုး။ တေး အလုပ် ပြန်ဆင်းမှ ပဲ ပြောပြတော့မယ်နော်။ မနက်ဖြန်ဆို ခွင့်ရက်ပြည့်ပြီ အဲဒီကျတော့မှ ပဲ ပြောပြတော့မယ်နော်"

"ကောင်းပါပြီရှင် ...ဟဲဟဲ"

ဖုန်းချခါနီး အချိန်ထိ ရယ်ကျဲကျဲဖြင့် နောက်နေတာကြောင့် တေးမ မြင်ရပေမဲ့ မျက်စောင်းလေး ထိုးလိုက်မိ၏။ ဖုန်းချဖို့ ပြင်လိုက်လျှင် နောက်ထပ် အသံလေး ပြန်ပေါ် လာပြန်သည် ။ တေး မမိုးကို စိတ်ဆိုးစွာ နှုတ်ခမ်းလေးဆူပြီး ...

"မမိုး ...တေး တကယ် စိတ်ဆိုးတော့မှာ နော်"

"ညီမ...အစ်ကိုပါ"

"ရှင်...."

မမိုး ထပ်ဆက်သည် ထင်ပြီး ဖုန်းနံပါတ်ကို သေချာ မကြည့်မိ ပြောချင်တာ အရင် ပြောချ လိုက်မိသည် ။

"ဟို ...ဟို...တေး ...တောင်းပန်ပါတယ်။ အလုပ်က အစ်မ နောက်တယ် ထင်လို့ ပါ"

"ရတယ် ...ရတယ်.. ညီမ ဘာမှ မဖြစ်နဲ့ အစ်ကိုက စောစော ပြန်ရောက်မှာ မို့လို့ ဖုန်းကြိုဆက်တာ။ တော်ကြာ မဆက်ပဲ ပြန်ရောက်လာရင် ညီမ စိတ်မကောင်းမှာ ဆိုးလို့ "

တေး မှာ ထားတာကို မမေ့မလျော့ပဲ မှတ်သားထားသည့် ရာပိုင်ထူးကို တေး လေးစား သွားသည် ။ တစ်ဖက်လူကိုလည်း အလေးထားပေးသည့် သူ့အမူရာတွေဟာ လူကြီးလူကောင်း ဆန်ပါပေသည် ။

*****

(အပိုင်း ၂)

ပြန်ရောက်ရောက်ခြင်း တေးကို ပြောလာသည့် စကားတွေဟာ ဝေခွဲရ ခက်လေသည် ။ အိမ်ကို စောစော ပြန်လာတာဟာ ဒါကြောင့်မှန်း သိတော့သည် ။ သျှောင်နောက်ဆံထုံးပါ ဆိုတဲ့ စကား အတိုင်း တေးလည်း ရာပိုင်ထူးနောက် လိုက်ရတော့မည်ပေါ့။

"အစ်ကို နယ်ဘက်တစ်ခုကို တာဝန်ကျတယ်။ အဲဒီကို ဒီတစ်ပတ်အတွင်း ပြောင်းရမယ်။ ညီမ လိုက်နိုင်မလား"

"မလိုက်ချင်ဘူး ဆိုရင်ရော နေခဲ့လို့ ရလားဟင်"

"ရတာတော့ ရပါတယ်။ ဒါပေမဲ့ ဒီတစ်အိမ်လုံးမှာ ညီမ တစ်ယောက်တည်း ကျန်ခဲ့ရမှာ စိုးလို့ ပါ။

တေး တမင်တကာ မေးတာပါ။ သူက နေခဲ့ဆိုလည်း မနေခဲ့သင့်မှန်း တေးသိပါသည် ။ တေးနဲ့ သူဟာ တစ်ယောက်နဲ့ တစ်ယောက် ဘာမှ မဟုတ်သေးမှန်း သိသော်လည်း အများ အမြင်မှာ တော့ ညားခါစ ပူပူနွေးနွေး လင်မယားသာ ဖြစ်သည် ။ တေးသာ ကျန်ခဲ့လျှင် ပတ်ဝန်းကျင်က ပြောစရာ ဖြစ်လာပေလိမ့်မည်။

"ကိုရာပိုင်ထူးရဲ့ မိဘတွေကိုလည်း အကျိုးအကြောင်း ပြောထားခဲ့ရမယ်။ တော်ကြာ တေးတို့ ပြောင်းတုန်း ဒီမှာ ရှိနေတယ်ပဲ ထင်နေဦးမယ်

"

"အစ်ကို မေမေတို့ ကိုရော ညီမရဲ့ မိဘတွေကိုပါ အားလုံး ပြောပြီးပါပြီ။ ညီမကို လိုက်နိုင်မလား ဆိုတာကလည်း ညီမမှာ လည်း အလုပ်က တစ်ဖက်ဆိုတော့လေ"

"တေး ... အားလုံး စီစဉ် ထားလိုက်ပါမယ်။ ကိုရာပိုင်ထူး ပြောင်းမယ့် အချိန်မှာ သာ စိတ်ချလက်ချ ပြောင်းပါနော်"

"ညီမကို ကျေးဇူးတင်ပါတယ်။ အစ်ကို့ကြောင့် ဒုက္ခများ ပြီ"

"မများ ပါဘူးရှင် ..."

ကျေးဇူးတင်ပါတယ်တဲ့ လား ရှင်ကြီးရယ်။ တေးက ရှင့်မိန်းမဆိုတာ မေ့နေသလား။ ဟိုတုန်းက သီချင်းထဲကလို မိန်းကလေးက စရမှာ လား. ..ရှင်လို့ အော်သာ ပစ်လိုက်ချင်တယ်။ ဒီလောက် လိုက်ရောပေးနေတာ စျာန်လျှော ပါတော့လား။

သူဒီလို အနေတည်တည် နေနိုင်တာ တေးမှာ မိန်းမ မဆန်တာတွေများ ရှိနေသလား။ တေးဟာ ရုပ်အချောကြီး မဟုတ်ပေမဲ့ သူ့ဟာသူ ကြည့်ကောင်းပါသည် ။ အရပ်ကလည်း သေးသေးကွေးကွေး မဟုတ်။ လုံးကြီးပေါက်လှ မဟုတ်တောင် သွယ်သွယ်လှလှနဲ့ ကြည့်ကောင်း ပါသည် ။ ဆံပင်တင်ပါး ကျော်တာတောင် မိန်းမ မဆန်သေးဘူးဆို တေး ဘာဆက်လုပ်ရမလဲ။ မြင်းကမလှုပ် ခုံကလှုပ်ရသည့် အဖြစ်တော့ တေး မရောက်ချင်ပါ။ သည် တော့ ကိုယ့်ယောက်ျား စျာန်လျှောအောင် ကိုယ်ဘာသာ ကြံဆ ရပေတော့မည်။

* * *

"ရာရာ...မင်းငြင်းရင်လည်း ရရက်သားနဲ့ ကွာ။ ဘာလို့ မငြင်းတာလဲ
"

စိန်မောင်ရဲ့ နှမြောတသ အသံကြီးကို ကြားနေရပေမဲ့ ရာပိုင်က ပြုံးပြီး နားထောင်နေဆဲပင်။

"မင်းမိန်းမပါ ခေါ်သွားမှာ လား"

"အင်း ..."

"သူဘာမှ မပြောဘူးလား"

"မပြောဘူး"

ဟုတ်ပါသည် လေ။ ယောက်ျားဖြစ်သူ တာဝန်နဲ့ ပြောင်းရမှာ ကို ဘယ်တားရက်မလဲ။ သို့သော် သူတို့ နှစ်ယောက်ရဲ့ အခြေနေကို စိန်မောင် သိနေသည် ။ ဒါဟာလည်း ရာပိုင်ရဲ့ အထူးဖွင့်ဟ ဝန်ခံချက် အနေနဲ့ သိခွင့်ရခဲ့ခြင်းပါ။ ဘယ်သူ့အတွက် ဝန်ခံခဲ့သည် ဆိုတာကိုတော့ စိန်မောင်နဲ့ ရာပိုင်သာ သိလေသည် ။

အဓိပ္ပာယ်ပါသည့် မျက်လုံးတွေနဲ့ စိန်မောင်ကြည့်လျှင် ရာပိုင်က လွှဲပစ်လိုက်၏။ စိန်မောင်က သက်ပြင်းချကာ...

"မင်းဒီလိုလုပ်နေတာ တေးသံသာကို အရမ်း အားနာဖို့ ကောင်းနေပြီ ရာရာ။ မိန်းမ တစ်ယောက် အနေနဲ့ သူလည်း ခံစားရလိမ့်မယ်။ ငါမင်းကို နားလည်ပေးတာက မင်းစိတ်ထဲမှာ ဘာတွေ ဖြစ်နေတယ် ဆိုတာကို သိနေလို့ ။ သူမင်းကို နားလည်ပေးတာက ဘာကြောင့်လဲ မင်းသိမှာ ပေါ့"

"ငါ ဘာမှ မသိချင်ဘူး။ ဒီအတိုင်းပဲ အေးအေးချမ်းချမ်း နေချင်တယ်
"

"ဒါဆို မင်းမိဘတွေကို အစကတည်းက ဖွင့်ပြောပြီး ငြင်းခဲ့သင့်တယ်"

"ငါငြင်းခဲ့တယ် စိန်မောင်။ သူတို့ လက်မခံခဲ့ဘူး"

ဘုန်းကြီးကျောင်းထဲထိ အမေနဲ့ အဖေရယ် အဒေါ်တွေအားလုံး ရောက်ချ လာပြီး တငိုငို တရယ်ရယ်နဲ့ လာပြန်ခေါ် သွားခဲ့တာတွေဟာ မေ့ပစ်လို့ မရပေ။ ဆွေမျိုးမိဘတွေသာ မတားခဲ့ပါလျှင် အခုချိန်ဆို သူဟာ သာသနာ့ဘောင်တွင်း ရောက်နေလေပြီ။ အခုတော့ အပူသောက ဝေဖြာရမည့် အိမ်ထောင်တွင်းထဲ ရောက်နေ၏။ တေးသံသာဟာ ခပ်ကဲကဲ လော်လီတဲ့ မိန်းကလေး မဖြစ်နေတာဟာ ကိုယ့်အတွက် ကံကောင်းခြင်း တစ်ခုပင်။

***

အိမ်ထဲဝင်ဝင်ချင်း ဆွေဆုံမျိုးဆုံ မြင်လိုက်ရ၍ ရာပိုင် စိတ်ညစ် သွားမိသည် ။ ဒီလောက် လူစုံနေလျှင် ညအိပ်ဧည့်သည် တွေ ဖြစ်မှာ သေချာသည် ။ တေးသံသာကို ရှာကြည့်မိတော့ သူမလေးက ဧည့်ဝတ် ကျေနေလေသည် ။ အစားသောက်တွေ ချပေး ရေလေးချပေးနဲ့ ။

"ဟယ် ...ကိုရာပိုင်ထူး ပြန် လာပြီ"

သူမ အသံကြောင့် ကိုယ်ပြန်ရောက်နေမှန်း ဧည့်သည် တွေ သတိထားမိ သွားလေသည် ။ ဧည့်သည် တွေက တခြားမဟုတ် မိဘလေးပါးနှင့် ဟိုဘက်ဒီဘက် အဒေါ်ဦးလေးတွေ ဖြစ်သည် ။

"သား ...ပြန်လာတာကို အမေတို့ က မျှော်နေတာ"

ရာပိုင်ရဲ့ အမေက ပြုံးရွှင်စွာ ဝင်ပြော၏။

"ဟုတ်ကဲ့ သားအဝတ်စား လဲပြီးရင် ပြန်ဆင်းခဲ့မယ်နော်"

"အေးအေး ...သွားသား"

သူအဝတ်စား လဲတော့ တေးအနောက်ကနေ လိုက်လာခဲ့သည် ။ သို့သော် အခန်းထဲ ရောက်လျှင်. ..

"ဟင်...ညီမ ဘာလုပ်မလို့ လဲ"

"ဟို ...ကိုရာပိုင်ထူးအတွက် အင်္ကျီထုတ်ပေးမလို့ ပါ"

"ရတယ်..ရတယ်..ညီမ နေ..နေ။ အစ်ကို့ဘာသာ ထုတ်မယ်။ ညီမ ဧည့်သည် တွေကိုပဲ ဧည့်ခံထားလိုက်"

"ဟို...."

"ရတယ် ညီမသွားပါ။ အစ်ကို အဝတ်လဲတော့မယ်"

သွားပါလို့ ပြောနေပေမဲ့ လူကို ဆွဲထုတ်မတတ် ပြူးကြည့်နေသည့် မျက်လုံးကြောင့် တေး သဘော ပေါက်လိုက်သည် ။ သူအဝတ်အစား လဲသည့် နေရာမှာ တေးကို မရှိစေချင်တာပါ။ အရိပ်ယောင်ကို နားလည်လိုက်တော့ တေး ကိုယ့်ကိုယ်ကိုယ် ရှက်သွားမိ၏။ တကယ်တော့ တေးဟာ ယောကျ်ားအနားက မောင်းထုတ်ခံလိုက်ရတာပါပဲ။

ဒီယောကျ်ားကို တေး ဘယ်လို လုပ်ရပ့ါမလဲ။ သူက တည်ငြိမ်လွန်းတော့လည်း ခက်သား။ ကိုယ့်ရုပ်ကလည်း စျာန်လျှောလောက်တဲ့ ထိ မချောတော့ ခက်ပေသည် ။ ကိုယ့်ယောကျ်ား ကိုယ်ပြန် ဆွဲဆောင်ရမလို ဖြစ်နေလေသည် ။

"မေမေတို့ ဒီမှာ ပဲ အိပ်ကြမှာ လားဟင်"

"ဟုတ်တယ် သမီး။ သားနဲ့ သမီးက နောက်ရက်ဆို ပြောင်းကြတော့မှာ ဆိုတော့ ဒီနေ့ ပျော်ပျော်ပါးပါး နေလိုက်ကြတာပေ့ါ။ မဟုတ်ဘူး

လား"

"ဟုတ်ကဲ့မေမေ"

ညော့်သည် တွေတွက် အိပ်ဖို့ ပြင်ဆင်ပေးပြီး တေး ကိုယ့်အခန်းထဲ ကိုယ်ပြန်ဝင်လိုက်တော့...

"ဟင်... "

တေးတို့ ရဲ့ မင်္ဂလာဦးညတည်းက အထီးကျန်နေတဲ့ ခုတင်ပေါ်မှာ ရာပိုင်ထူး ရောက်နေလေသည် ။ ရုတ်တရက် ဆိုသလို တေးရင်တွေ တ သိမ့်သိမ့် ခုန်သွား၏။ ရောက်လာသည့် ညော့်သည် တွေကိုပင် စိတ်ထဲ ကျိတ်ကျေးဇူး တင်နေမိသည် ။

"ဘုရားခန်းမှာ အိပ်ရင် မေမေတို့ တစ်မျိုးထင်ပြီး ပြဿနာတွေ ရှုပ် မှာ စိုးလို့ ဒီကိုပဲ လာလိုက်တယ် ညီမ"

"ဟုတ် ...ဟုတ်ကဲ့.. "

လာသင့်တာ ကြာပြီလို့ ပြောလိုက်ချင်ပေမဲ့ တေး မျိုသိပ်ထားလိုက် သည် ။ ကိုယ်က မိန်းကလေးလေ။

"အစ်ကို လာလိုက်လို့ ညီမ အနှောင့်ယှက်ဖြစ်သွားလားဟင်"

"အို...မ...မဖြစ်ပါဘူး...ရပါတယ်"

တေး စကားတွေ မမှားအောင် မနည်း ထိန်းနေရသည် ။ မင်္ဂလာ ဆောင်ပြီး သုံးရက်ကျော်မှ မင်္ဂလာဦးညကို ကျော်ဖြတ်ရမည် ဆိုတော့ တေး ရင်တွေ တဖြည်းဖြည်း ပိုခုန် လာလေသည် ။ မှန်တင်ခုံမှာ မရဲတ ရဲ ထိုင်ချလိုက်၏။ ရင်တုန်နေတာတွေကို တဖြည်းဖြည်း ဖျောက်နေရသ ည် ။

"ဒါဆို အစ်ကို ဘုရားရှိခိုးပြီး အိပ်တော့မယ်နော်"

"ရှင်...ဟုတ်ကဲ့"

အိပ်တော့မယ် ဆိုတော့ တေးက ဒီတိုင်း ငုတ်တုတ် ထိုင်နေရမှာ လား။ သူက ခုတင်ရဲ့ ဘယ်ဘက်ခြမ်းမှာ လှဲအိပ်ကာ မျက်လုံးတို့ ကို မှိတ်ချထားလေသည် ။ ခုတင်ရဲ့ အလယ်တည့်တည့်မှာ ဖက်လုံးကြီးကို စည်းသဖွယ် ခြားထားလေသည် ။ မြင်တွေ့ရသည့် ပုံစံကြောင့် တေး ရင်တုန် နေတာတွေပါ ပျောက်ကာ အော်သာ ငိုပစ်လိုက်ချင်တော့သည် ။

နေနေ တစ်သက်လုံး အဲတိုင်းသာ နေတော့ ရှင်ကြီးရယ်။

*****